

## ဗာလမ်နှင့်သူ၏စကားပြောသောမြည်း 3.04

## တောလည်ရာကျမ်း ၂၂-၂၄

မောရှေဟာ ဘုရားသခင်ရဲ့လူက္ကလသရေလလူမျိုးတွေကို ကတိထားရာနယ်မြေခါနန်ပြည်ဆီဦးဆောင်ပြီးခေါ်လာခဲ့တယ်။ ခါနန်ပြည်ကိုရောက်ခါနီးမှာ လမ်းတလျှောက်မြို့များစွာကို သူတို့ဖြတ်ကျော်ရတယ်။ မြို့အတော်များများဟာ သူတို့ကိုမြို့ထဲကဖြတ်သန်းသွားခွင့်မပေးကြဘူး။ တခါတလေ ဒေသခံလူတွေနဲ့က္ကလသရေလလူမျိုးတွေဟာ နေရာအမျိုးမျိုးမှာ စစ်တိုက်ခဲ့ရကြတယ်။ ဘုရားသခင်က က္ကလသရေလလူမျိုးတွေကို ကတိတော်မြေဆီ ရောက်စေချင်တယ်။ စစ်ပွဲတွေမှာ က္ကလသရေလလူမျိုးတွေအနိုင်ရဖို့ ဘုရားသခင်က ကူညီပေးတယ်။

တစ်နေ့မှာတော့ မောရှေနဲ့က္ကလသရေလလူမျိုးတွေဟာ မောဘပြည်ထဲမှာရှိတဲ့ယေရိခေါမြို့နားမှာ စခန်းချကြတယ်။ မောဘဘုရင်ဗာလက်ဟာ က္ကလသရေလလူမျိုးတွေကို ကြောက်ရွံ့တယ်။ သူတို့တွေ ဘယ်လိုတိုက်ပွဲတွေဝင်ပြီးအောင်မြင်လာခဲ့သလဲဆိုတဲ့အကြောင်းတွေကို သူကြားခဲ့တယ်။ ဘုရင်ဗာလက်ဟာ အခြားမြို့မှာရှိတဲ့ မှော်ဆရာဗာလမ်ဆီကို သံတမန်စေလွှတ်တယ်။ ဗာလမ်ဟာ ကောင်းချီးပေးခြင်းနဲ့ကျိန်ဆဲခြင်းမှာ အောင်မြင်သူဖြစ်တယ်လို့ ဘုရင်က သတင်းကြားထားတယ်။ က္ကလသရေလလူမျိုးတွေကိုကျိန်ဆဲဖို့ ဗာလမ်ကိုစေခိုင်းလိုတယ်။ သံတမန်ဟာ ဗာလမ်ကိုခေါ် ဖို့သွားခဲ့တယ်။

ရှင်ဘုရင်ရဲ့ တောင်းဆိုချက်ကို ဗာလမ်က နားထောင်ခဲ့တယ်။ “အီဂျစ်ပြည်ကထွက်လာတဲ့လူအုပ်ကြီးဟာ ငါ့နယ်မြေကိုဖျက်ဆီးဖို့ ရောက်လာပြီ။ ငါအနိုင်ရ ဖို့အတွက် သူတို့ကိုကျိန်ဆဲပေးပါ။” လို့ သံတမန်ကပြောတယ်။ ဗာလမ်က သူဘာလုပ်ရမလဲဆိုတာသိဖို့ ဘုရားသခင်ကိုမေးပါရစေလို့ ဆိုပါတယ်။ သူတို့နဲ့ မလိုက်သွားဖို့ ဘုရားသခင်က ဗာလမ်ကိုပြောတယ်။ ဘုရားသခင်ရဲ့လူက္ကလသရေလလူမျိုးတွေကို ဗာလမ်ဟာကျိန်ဆဲမှာမဟုတ်ဘူး။

ဘုရင်ဗာလက်ဟာ ပိုပြီးအာဏာရှိတဲ့ပုဂ္ဂိုလ်တွေကို ဗာလမ်ဆီထပ်မံစေလွှတ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဗာလမ်ဟာ ရှင်ဘုရင်ဆီအလည်လာပြီး၊ က္ကလသရေလလူမျိုး တွေကို ကျိန်ဆဲပေးဖို့ နောက်တစ်ကြိမ်ကမ်းလှမ်းခံရတယ်။ ရှင်ဘုရင်ဟာ ဆုငွေအမြောက်အမြားပေးမယ်လို့လည်း ကမ်းလှမ်းတယ်။ တကယ်လို့ ရှင်ဘုရင် ဟာရွှေငွေနဲ့ပြည့်တဲ့နန်းတော်တစ်ခုလုံးကို ပေးလာရင်တောင် ဘုရားသခင်ရဲ့စကားကိုဆန့်ကျင်ပြီးလုပ်ဖို့ တန်ခိုးမရှိဘူးလို့ပြောလိုက်တယ်။ ဗာလမ်ကို ဘုရားသခင်စကားပြောခဲ့တယ်။ “သင်ဟာ ရှင်ဘုရင်နဲ့တွေ့ဖို့ သူတို့နဲ့လိုက်သွားနိုင်တယ်၊ ဒါပေမယ့် ငါပြောတဲ့အတိုင်းသာ သင်လုပ်ရမယ်” လို့ ဘုရားသခင် ကပြောတယ်။

နောက်တစ်နေ့နံနက်မှာ မောဘအာဏာရှိပုဂ္ဂိုလ်တွေနဲ့အတူ ဗာလမ်ဟာ ဘုရင့်နန်းတော်ဆီလိုက်သွားခဲ့တယ်။ ဒါပေမယ့် ဗာလမ်ရဲ့နှလုံးသားထဲမှာ ဘယ်လိုရှိနေတယ်ဆိုတာ ဘုရားသခင်သိတယ်။ ဘုရားသခင်ရဲ့လမ်းညွှန်ချက်ကို နားမထောင်ဖို့ သူစဉ်းစားနေတာကိုသိလို့ ဘုရားသခင်ဒေါသထွက်စေတယ်။ ဗာလမ်သွားတဲ့ခရီးလမ်းမှာတားဆီးဖို့ ကောင်းကင်တမန်ကို ဘုရားသခင်စေလွှတ်ခဲ့တယ်။ ဗာလမ်ရဲ့မြည်းဟာ ကောင်းကင်တမန်ကိုမြင်တဲ့အခါ လမ်းပေါ်ကနေ လယ်ကွင်းဖက်ကို ရှောင်လိုက်တယ်။ ဗာလမ်ဟာ သူ့မြည်းလမ်းပေါ် ပြန်တက်သွားဖို့ အတင်းရိုက်နှက်ပါတော့တယ်။ ကောင်းကင်တမန်ဟာ ထပ်ပြီးလမ်းကိုပိတ်ရပ်တဲ့အတွက် လမ်းကအတော်ကျဉ်းသွားတယ်။ မြည်းဟာ ဗာလမ်ရဲ့ခြေထောက်ကို နံရံကြားမှာညှပ်သွားအောင် သွားလိုက်တယ်။ ဗာလမ်ဟာ မြည်းကိုထပ်ပြီးရိုက်ပြန်တယ်။ မြည်းသွားလို့မရတဲ့နောက်ဆုံးမှာ ကောင်းကင်တမန်ဟာ လမ်းပေါ်မှာရောက်လာပါတယ်။ ဗာလမ်စီးနေ တဲ့မြည်းဟာ ပြပ်ဝပ်လာတယ်။ ဗာလမ်ဟာ အရမ်းစိတ်ဆိုးပြီး မြည်းကိုတတိယအကြိမ်ရိုက်နှက်ပြန်တယ်။

“ငါဘာအမှားလုပ်မိလို့ ငါ့ကို သုံးကြိမ်တောင်ရိုက်ရတာလဲ?” လို့ မြည်းကပြောတယ်။ “ငါ့ကို ဘာလို့အရူးလုပ်တာလဲ?” လို့ ဗာလမ်က ပြောတယ်။ “ငါဟာ သင်နှစ်ပေါင်းများစွာစီးခဲ့တဲ့မြည်းပါပဲ၊ အရင်တုန်းကရော ဒီလိုလုပ်ခဲ့ဖူးလို့လား?” လို့ မြည်းကမေးတယ်။ အဲဒီအချိန်မှာပဲ ဗာလမ်ဟာ ကောင်းကင်တမန်ကို မြင်ရတယ်။ “ကျွန်ုပ်ပြစ်မှားပါပြီ။ ကျွန်ုပ်လုပ်ရပ်ကို မကြိုက်ရင် အိမ်ပြန်ပါတော့မယ်” လို့ မြေပေါ်မှာပြပ်ဝပ်ပြီး ကောင်းကင်တမန်ကို သူပြောတယ်။

ရှင်ဘုရင်ကိုတွေ့ရမယ်၊ ဒါပေမယ့် ဘုရားသခင်ပြောတဲ့အတိုင်းသာ လုပ်ရမယ်လို့ ဗာလမ်ကို ကောင်းကင်တမန်ကပြောတယ်။ ဗာလက်မင်းနဲ့တွေ့တဲ့အခါ “ဘုရားသခင်ပြောခိုင်းတဲ့အတိုင်းသာ ငါပြောနိုင်မယ်” လို့ ဗာလမ်ပြောတယ်။ ရှင်ဘုရင်ဘာပဲစေခိုင်းနေပါစေ ဗာလမ်ဟာ ဘုရားသခင်စေခိုင်းတဲ့အတိုင်း က္ကလသရေလလူမျိုးတွေကို ကျိန်ဆဲလို့မရဘဲ ကောင်းချီးပေးခြင်းကိုသာ ပြုနိုင်ခဲ့ပါတယ်။

## ဗာလမ်နှင့်သူ၏စကားပြောသောမြည်း 3.04

**တောလည်ရာကျမ်း ၂၂-၂၄ အဓိကအချက်များ**

၁) ဣသရေလလူမျိုးများဟာ မောဘပြည်ထဲက ယေရိခေါမြို့နားမှာ စခန်းချကြတယ်။ သူတို့အတွက် ဘုရားသခင်ကတိထားတဲ့ခါနန်ပြည်သွားတဲ့လမ်းမှာ တိုက်ပွဲတွေကို သူတို့တိုက်ခဲ့ရတယ်။

၂) မောဘရှင်ဘုရင်ဗာလက်ဟာ ဣသရေလလူမျိုးတွေကို ကြောက်တယ်။ သူတို့ဟာ တိုက်ပွဲများစွာအောင်မြင်ခဲ့တယ်။ သူတို့ကို ကျိန်ဆဲဖို့အတွက် မှော်ဆရာဗာလမ်ကိုငှါးဖို့ သံတမန်စေလွှတ်ခဲ့တယ်။

၃) ဘုရင်ဗာလက်ရဲ့သံတမန်ဟာ ဗာလမ်ရှိတဲ့မြို့ကိုရောက်လာပြီး သူနဲ့အတူလိုက်လာဖို့ သူ့ကိုပြောပါတယ်။ ဘုရားသခင်က သူတို့နဲ့မလိုက်သွားဖို့ပြော တယ်လို့ သူတို့ကိုဗာလမ်ကပြောတယ်။ ဣသရေလလူမျိုးတွေကို ကျိန်ဆဲဖို့အတွက် ရှင်ဘုရင်ဟာ အာဏာပိုရှိတဲ့ပုဂ္ဂိုလ်တွေကိုထပ်မံစေလွှတ်ပြီး ခေါ်ပါ တယ်။ ဗာလမ်ဟာ ထပ်မံငြင်းဆိုပြန်တယ်။ ဘုရားသခင်က ဗာလမ်ကို သူတို့နဲ့အတူလိုက်သွားဖို့ အဲဒီညမှာ စကားပြောခဲ့ပါတယ်။

၄) ဗာလမ်ခရီးသွားပြီးမကြာခင်မှာပဲ ကောင်းကင်တမန်ဟာ လမ်းပေါ်မှာပေါ်လာပါတယ်။ ဗာလမ်ရဲ့မြည်းကပဲ အဲဒီကောင်းကင်တမန်ကို မြင်ရတယ်။ မြည်းဟာ လယ်ကွင်းဖက်ကို အရုပ်ပြေးပါတယ်။ ဗာလမ်ဟာ မြည်းကိုရိုက်တယ်။ ကောင်းကင်တမန်ဆီးတားတဲ့အတွက် မြည်းဟာ ဗာလမ်နဲ့အတူ လမ်းအောက်ကို နှစ်ကြိမ်တိုင်ဆင်းသွားတယ်။ ဗာလမ်ဟာ အရမ်းစိတ်ဆိုးပြီး၊ လမ်းအောက်ဖက်ဆင်းသွားချိန်တိုင်း မြည်းကိုရိုက်ပါတယ်။

၅) သူ့ကိုဘာလို့ရိုက်တာလဲလို့ မြည်းဟာဗာလမ်ကို စတင်မေးပါတော့တယ်။ အဲဒီအချိန်မှ ဗာလမ်ဟာ ကောင်းကင်တမန်ကိုမြင်ရတယ်။ သူဟာ မြည်းပေါ်ကဆင်းလာပြီး သူအပြစ်လုပ်မိကြောင်းနဲ့ ကောင်းကင်တမန်ပြောတဲ့အတိုင်းသူလုပ်မှာဖြစ်ကြောင်းပြောပါတယ်။

၆) သူ့အနေနဲ့ရှင်ဘုရင်နဲ့သွားတွေ့ရမှာဖြစ်ပေမယ့် ဘုရားသခင်ပြောသမျှအတိုင်းသာလုပ်ဖို့ ကောင်းကင်တမန်က သူ့ကိုပြောပါတယ်။ ဘုရင်က ဣသရေလ လူမျိုးတွေကိုကျိန်ဆဲဖို့ ဗာလမ်ကိုပြောတဲ့အခါမှာ ဗာလမ်က သူတို့ကိုကျိန်ဆဲလို့မရဘဲ ကောင်းချီးပေးလို့သာရကြောင်းပြန်ပြောခဲ့ပါတယ်။

**မေးခွန်းများ**

၁) ဗာလက်ဘုရင်က ဘယ်သူလဲ?

၂) ဘုရင်ဗာလက်ဟာ ဘာ့ကြောင့်ဗာလမ်အားဖြင့် ဣသရေလလူမျိုးတွေကို ကျိန်ဆဲစေချင်တာလဲ?

၃) ဗာလမ်ဟာ သံတမန်တွေနဲ့လိုက်သွားဖို့ ဘာ့ကြောင့်ငြင်းခဲ့တာလဲ?

၄) မြည်းဟာ လမ်းပေါ်မှာကောင်းကင်တမန်ကိုမြင်တဲ့အခါ ဘာဆက်ဖြစ်သလဲ?

၅) ဗာလမ်ဟာ မြည်းကိုသုံးကြိမ်တိုင်ရိုက်ပြီးတဲ့အခါ ဘာဆက်ဖြစ်သလဲ?

၆) ကောင်းကင်တမန်က ဗာလမ်ကို ဘာပြောခဲ့သလဲ?

၇) ဗာလမ်ဟာ ဗာလက်မင်းနဲ့တွေ့တဲ့အခါ ဘာပြောခဲ့သလဲ?

**အဖြေများ**

၁) ဗာလက်ဘုရင်ဟာ မောဘနိုင်ငံရဲ့ဘုရင်ဖြစ်ပါတယ်။

၂) ဣသရေလလူမျိုးတွေဟာ စစ်ပွဲများစွာအောင်မြင်ခဲ့တဲ့အတွက် သူတို့ကို ဗာလက်ဘုရင်ကကြောက်ပါတယ်။

၃) ဘုရားသခင်ကသူ့ကိုပြောတဲ့အတွက် ဗာလမ်ဟာသံတမန်တွေနဲ့အတူ ပြန်လိုက်မသွားခဲ့ပါဘူး။

၄) မြည်းဟာလယ်ကွင်းထဲပြေးသွားခဲ့တယ်။ သူ့ကိုဗာလမ်က ရိုက်တယ်။

၅) ဗာလမ်ဟာ မြည်းကိုသုံးကြိမ်ရိုက်ပြီးတဲ့နောက် မြည်းကသူ့ကိုစကားပြောပါတယ်။ အဲဒီနောက် ဗာလမ်ဟာကောင်းကင်တမန်ကို မြင်ရပါတယ်။

၆) ဘုရားသခင်ပြောတဲ့အတိုင်းသာလုပ်ဖို့ ကောင်းကင်တမန်ကဗာလမ်ကို ပြောပါတယ်။

၇) ဣသရေလလူမျိုးတွေကို ကျိန်ဆဲလို့မရဘဲ ကောင်းချီးသာပေးလို့ရတယ်လို့ ဗာလမ်က ဗာလက်မင်းကိုပြောပါတယ်။


Kids of Destiny®
Reaching the Next Generation